သဲဖြူကျေးရွာ

ဘုတ်ပြင်း၊ တနင်္သာရီတိုင်း



ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သဲဖြူ ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ မတ်လ

မာတိကာ

၁။ စကားချီး ၁

၂။ ရည်ရွယ်ချက် ၂

၃။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းမြစ်များ ၃

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၃

(ခ) သဘာဝအရင်းမြစ်များ ၄

၄။ စီမံကိန်းဧယားများ ၅

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ ..... **Error! Bookmark not defined.**

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ..... **Error! Bookmark not defined.**

(၁.၂) အလုပ်လုပ်နိုင်သူအင်အား ..... **Error! Bookmark not defined.**

(၁.၃) သဘာဝရင်းမြစ်များ ..... **Error! Bookmark not defined.**

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ ..... **Error! Bookmark not defined.**

(၁.၅) ထိခိုက်လွယ်မှု ..... **Error! Bookmark not defined.**

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ..... **Error! Bookmark not defined.**

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ ..... **Error! Bookmark not defined.**

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ..... **Error! Bookmark not defined.**

(၂.၃) ရွှေပြောင်းလုပ်သားများ ..... **Error! Bookmark not defined.**

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် ..... **Error! Bookmark not defined.**

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ..... **Error! Bookmark not defined.**

(၂.၆) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု ..... **Error! Bookmark not defined.**

(၂.၇) ပညာရေး ..... **Error! Bookmark not defined.**

(၂.၈) ကျန်းမာရေးနှင့်အာဟာရ ..... **Error! Bookmark not defined.**

(၂.၉) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ..... **Error! Bookmark not defined.**

(၂.၁၀) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ ..... **Error! Bookmark not defined.**

(၂.၁၁) အခြေခံအဆောက်အဦများအခြေအနေ ..... **Error! Bookmark not defined.**

(၂.၁၂) လျှပ်စစ်မီးရရှိမှု ..... **Error! Bookmark not defined.**

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ ..... **Error! Bookmark not defined.**

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး ..... **Error! Bookmark not defined.**

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအခြေအနေ . **Error! Bookmark not defined.**

၅။နောက်ဆက်တွဲများ ၃၆

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များ တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိလာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်းခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

မတ်လ၊ ၂၀၂၄ **သဲဖြူကျေးရွာ**

ဘုတ်ပြင်းမြို့နယ်

၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်မအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သဲဖြူကျေးရွာသည် ပင်လယ်ကမ်းရိုးတန်းတွင် တည်ရှိသော ရွာလေးတစ်ရွာဖြစ်ပါသည်။ အနီးဆုံးမြို့မှာ ဘုတ်ပြင်းမြို့ဖြစ်ပြီး ရွာ၏အရှေ့ဘက်တွင် အေးချမ်းမြိုင်(၂)ကျေးရွာ၊ မြောက်ဘက်တွင် ကျွေးချောင်းကျေးရွာတို့နှင့် နီးကပ်စွာတည်ရှိနေသည်။ကျေးရွာအဝင်လမ်းသည် ကွန်ကရစ်လမ်းဖြစ်ပါသည်။ သဲဖြူကျေးရွာ၏ ရာသီဥတုမှာ နွေရာသီ၊ မိုးရာသီနှင့် ဆောင်းရာသီဟူ၍ ရာသီဥတု(၃) မျိုးရှိပါသည်။ နှတ်တော်လမှ တန်ခူးလအထိ နေပူပါသည်။ နယုန်လမှ တော်သလင်းလအထိ မိုးရွာပြီး ကျန်လများတွင် နေတပြက်၊ မိုးတပြက် အခြေနေရှိပါသည်။ ရွာအဝင်လမ်းတွင် ဥယျာဉ်ခြံများတည်ရှိပြီး၊ ရွာ၏ အခြားတစ်ဖက်တွင် ပင်လယ်ကမ်းစပ်တည်ရှိနေပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



(ခ) သဘာဝအရင်းမြစ်များ

သဲဖြူကျေးရွာတွင် စိုက်ပျိုးထားသော ဥယျာဉ်ခြံ၈ကမှာ (၁၄၈) ၈ကခန့်ရှိပါသည်။ ကွမ်းသီးကို အဓိက စိုက်ပျိုးကြပြီး သီဟိုဠ်ပင်များလည်း စိုက်ပျိုးကြပါသည်။ ကျေးလက်ဦးစီးဌာနမှ တူးဖော်ပေးထားသည့် တွင်းတိမ်မှ တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံစွာရရှိပါသည်။ အနီးအနား ကမ်းစပ်များတွင် ပုစွန်ဖမ်းခြင်း၊ ဂဏန်းထောင်ခြင်း၊ ငါးဖမ်းခြင်းတို့ကို လုပ်ကိုင်နိုင်ပါသည်။



အရင်းမြစ်ပြမြေပုံ

၄။ စီမံကိန်းဇယားများ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ် အောက်	နို့စို့အရွယ်	၁	၅	၆	၂.၀၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၃	၁၄	၂၇	၉.၄၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၃	၂၃	၄၆	၁၆.၀၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၁	၄၄	၁၅.၃၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၇	၇၈	၁၅၅	၅၄.၀၁
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၅	၄	၉	၃.၁၃
စုစုပေါင်း လူဦးရေ =၂၈၇		**၁၄၂**	**၁၄၅**	**၂၈၇**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၅၈		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၉၄**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် အိမ်ထောင်စု(၅၈)စုရှိပြီး လူဦးရေစုစုပေါင်း(၂၈၇)ဦးရှိသည်။ ပျမ်းမျှတစ်အိမ်ထောင်တွင်(၄.၉၄)ဦးရှိသည်။အသက်(၁၅)နှစ်မှ(၆၄)နှစ်အထိ အလုပ်လုပ်နိုင် သောလူဦးရေမှာ(၅၄.၀၁)ရှိပြီးအသက်(၁၅)နှစ်အောက်လူဦးရေနှင့်အသက်(၆၀)နှစ်အထက်လူဦးရေ(၄၆)ရာခိုင်နှုန်းကျော် သည်မှီခိုသူများဖြစ်သည်။ကျေးရွာတွင်ရေလုပ်ငန်း လုပ်အားအရင်းအမြစ်ရှိသောကြောင့် အလုပ်ကိုင်အခွင့် အလမ်းများ တိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၅.၁၇	၃	၁၁	နိမ့်(ဥယျာဉ်ခြံ /လယ်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၅၁	၈၇.၉၃	၇၄	၁၁	မြင့်(ရာသီပေါ်၊ ဂဏန်း ထောင်)

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄	၆.၉	၅	-	နိမ့်
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း			-	၂	နိမ့်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊	-	-	-	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၅						
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	နိမ့်
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
	စုစုပေါင်း	၅၈	၁၀၀	၈၂	၂၅	-

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် အိမ်ခြေပေါင်း(၅၈)အိမ်ရှိသည့်အနက် အိမ်ခြေ(၂၀)မှာက ပင်လယ်ကမ်းစပ်မြေနိမ့်ပိုင်းတွင်နေထိုင်သည်ဖြစ်၍ သဘာဝဘေးကျရောက်နိုင်သည်။ ကျန်အိမ်ထောင်စု

များမှာ တောင်ကုန်းမြင့်ပေါ်တွင် နေထိုင်သည်ဖြစ်၍ ဘေးအန္တရာယ် ကျရောက်နိုင်မှု မရှိတာတွေ့ရသည်။ ၎င်းကျေးရွာတွင်ပင်လယ်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်၍ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သည်မှာ အနည်းငယ်သာ ရှိသည်ကို တွေ့ရသည်။ ၎င်းကျေးရွာသည် ရာသီအလိုက် ပင်လယ်လုပ်ငန်းကို လုပ်ကိုင်စားသောက်တာတွေ့ရသည်။

(၁.၂.၂)လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား		-		-	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	မရှိ
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၃၀၀၀	ရေလုပ်ငန်း
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	မရှိ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	မရှိ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-	မရှိ
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	မရှိ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	မရှိ
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-	မရှိ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမားအုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာမှာ အမျိုးသားနှင့်အမျိုးသမီး လုပ်အားခ ကွာဟမှုရှိသည်။ လုပ်ငန်းသဘောတရားမတူခြင်း၊ အမျိုးသားနှင့်အမျိုးသမီး လုပ်ရည်မတူခြင်း၊ ကျေးရွာတွင် ထုတ်ကုန်ရောင်းဝယ်ရေး၊ စက်ချုပ်၊ စက်ပြင်လုပ်ငန်းများ စားသောက်လုပ်ကိုင်ခြင်းမရှိပါ ပင်လယ်လုပ်ငန်းကိုသာ လုပ်ကိုင်စားသောက်ခြင်းဖြစ်သည်။ ကျေးရွာတွင် စက်ချုပ်သင်တန်းနှင့် စက်ပြင်သင်တန်းများပေးလျှင် အဆင်ပြေမည်ဖြစ်သည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
လယ်မြေ	-	-	-
ယာမြေ	-	-	-
တောင်ယာမြေ	-	-	-
ဥယျာဉ်ခြံမြေ	၂၃၆	သင့်	တွင်းရေ-စိမ့်စိမ်းရေအနည်းငယ်
ကိုင်း/ကျွန်းမြေ	-	-	-
ဓနိတောမြေ	-	-	-
စားကျက်မြေ	-	-	-
ပလပ်မြေ	-	-	-
စုစုပေါင်း	**၂၃၆**	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေအရင်းအမြစ်-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။လယ်၊ တောင်ယာ၊ မြေများကိုလုပ်ကိုင်ခြင်းမရှိ၊ ဥယျာဉ်လုပ်ငန်းကိုသာ လုပ်ကိုင်စားသောက်ခြင်းကိုတွေ့ရသည်။ပင်လယ်လုပ်ငန်းကိုသာအဓိကလုပ်ကိုင်စားသောက်ခြင်းကိုတွေ့ရသည်။ ဥယျာဉ်လုပ်ကိုင်သူများမှာ အဓိကပင်လယ်လုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူများဖြစ်သည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	-
ဓာတုတ်သွေ့ ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	သင့်	လွယ်

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ		
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	ဆင်တုံးမန္ဓယ်၊ကသယ်၊ နွားငုတ်ပင်	လွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လွန်ခဲ့သော နှစ်ပေါင်းများစွာက ဝက်၊ ဆတ်၊ ကျေ၊ ဆင်တွေ့ရှိရသည်။ ယခုတွင် ဝက်၊ ဆင်၊ ကျေ၊ ဆက်သားကောင်များ ပျောက်ကွယ်သွားခြင်းကိုတွေ့ရသည်။ ဥယျာဉ်ခြံခွေထွင်းလာခြင်း၊ သစ်တောများပြုန်းတီးခြင်းတို့ကြောင့် တောတောင်များ ပြုန်းတီးခြင်းကို တွေ့ရသည်။ ၎င်းတောတောင်များတွင် ယခုအခါ ဆင်တုံးမန္ဓယ်၊ ကသယ်၊ နွားစာငုတ်အပင်များကို လွယ်ကူစွာရနိုင်သည်။ သဘာဝဓာတ်ငွေ့များ ထွက်ရှိခြင်းမရှိပါ။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	-	-	-
အိမ်အခြေအနေ	-	-	-	-
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	-	-	-	-
အခြားပိုင်ဆိုင်မှု	-	-	-	-
အိမ်ထောင်စု -	၆(၁၀.၃၄ %)	၁၆ (၂၇.၅၈ %)	၃၆(၆၂.၀၆ %)	(%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၈)အိမ်ရှိပါသည်။ အဆင်ပြေဆုံးသော အိမ်ထောင်စုမှာ ၆အိမ်ထောင်စု(၁၀.၃၄)ရာခိုင်နှုန်းရှိပြီး ၎င်းအိမ်ထောင်စုတွင် လယ်ယာမြေပိုင်ဆိုင်မှုရှိပြီး ရေလုပ်ငန်းလည်းလုပ်ကိုင်စားသောက်ကြတာကိုတွေ့ရသည်။ ပင်လယ်လုပ်ငန်းများ လုပ်ကိုင်သူဖြစ်၍ ပင်လယ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည်ကိုတွေ့ရသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ ၁၆အိမ်ထောင်စု(၂၇.၅၈)ရာခိုင်နှုန်းရှိပြီး ပင်လယ်လုပ်ငန်းကိုသာ အဓိကလုပ်ကိုင်သည်ကို တွေ့ရသည်။ ဆင်းရဲသောအိမ်ထောင်စုမှာ ၃၆အိမ်ထောင်စု(၆၂.၀၆)ရာခိုင်နှုန်းရှိပြီး ပင်လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်စားသောက်ကြသည်ကိုတွေ့ရသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက်	၁	၄	-
၃ လနှင့် ၆ လကြား	၇	၂၄	-
၆ လ မှ ၁၂ လ အထိ	၂၁	၇၃	-

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် အိမ်ထောင်စုဦးရေ (၅၈)အိမ်ထောင်စုရှိသည့်အနက် ချေးငှားခြင်းမရှိပဲ ပုံမှန်စားသောက်နိုင်သည့် အိမ်ထောင်စုဦးရေ (၂၁)အိမ်ရှိသည်ကိုတွေ့ရသည်။ ကျန်ရှိသောအိမ်ထောင်စုများမှာ စားဝတ်နေရေး အလွန်ခက်ခဲသည်ကိုတွေ့ရသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ကူညီစောင့်ရှောက်ရန် လိုအပ်သောအိမ်ထောင်စု မရှိတာတွေ့ရသည်။ အလွန်ဆင်းရဲသော အမျိုးသမီးအိမ်ထောင်စု(၅)စုနှင့် အမျိုးသားအိမ်ထောင်စု (၂)စုရှိသည်ကိုတွေ့ရသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေထိုင်သော အိမ်ထောင်စု အနည်းငယ်ရှိသည်ကိုလဲတွေ့ရသည်။ ဆင်းရဲသောအိမ်ထောင်စုများကို အိမ်တွင်ရေလုပ်ငန်းများ လုပ်ပေးရင် အဆင်ပြေမှာတွေ့ရသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	အိမ်ခြေ၁၀၀တွင် ၅၀ဖူလုံမှုရှိသည်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	နိမ့်	တောတောင်ရေမြေမကောင်းခြင်းကြောင့်
၃	ရေကြီးခြင်း	မရှိ	-
၄	မိုးခေါင်ခြင်း	မရှိ	-
၅	အအေးလွန်ကဲခြင်း	မရှိ	-
၆	မုန်တိုင်း	မရှိ	-
၇	ငလျင်	မရှိ	-
၈	မီးဘေး	မရှိ	-
၉	ဆားငန်ရေဝင်မြေ	မရှိ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ	-
၁၁	သစ်တောပြုန်းတီးခြင်း	လတ်	
၁၂	ငှက်ဖျားရောဂါ	လတ်	ကျန်းမာရေးဌာနမှဆေးပေးခြင်း၊ ဟောပြောပွဲလုပ်ပေးခြင်း
၁၃	တီဘီရောဂါ	မရှိ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	-
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	၂၀၁၆-၂၀၁၇ဝက်နာကြက်နာ ကျရောက်မှုကြောင့် အားလုံးနီးပါးသေဆုံးခြင်း
၁၇	လူကုန်ကူးခြင်း	မရှိ	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	မရှိ	ဘုတ်ပြင်းမြို့နှင့်၁၂ မိုင်ခန့်သာ ကွာဝေးပါသည်။
၁၉	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် လူဦးရေရဲ့ ၁၀၀လျှင်၅၀အချိုးကိုတော့ ဂမ်းစာဖူလုံမှုရှိကြောင်း တွေ့ရသည်။ တောတောင်ရေမြေမကောင်းခြင်း၊သဘာဝအရင်းမြစ်ရှားပါးခြင်း၊ သဘာဝဘေးကျရောက်ခြင်း မရှိတာတွေ့ရသည်။ သဲဖြူကျေးရွာမှာ ပင်လယ်ကမ်းနားနှင့်နီး၍ ကုန်းမြင့်ထက်မှာနေထိုင်ခြင်းကြောင့် ဆားငန်ရေမဝင်တာတွေ့ရှိရသည်။ ငှက်ဖျားရောဂါ ကျရောက်မှုမှာတော့ တစ်နှစ်လျှင် ဖယောက်လောက်သာ ဖြစ်ပွားသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများ သွားလာလွယ်ကူတာကိုလည်း တွေ့ရသည်။ အမျိုးသမီးများ သွားလာရာတွင် ထိခိုက်မှုမရှိတာကိုလည်းတွေ့ရသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မရှိ	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ	
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မရှိ	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မရှိ	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်	ပင်လယ်ကမ်းခြေရွာ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP)	မရှိ	
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်	ပင်လယ်ကမ်းခြေရွာ
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မရှိ	
၁၁	လူနည်းစုလူမျိုးများ	-	
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	-	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	-	
၁၅	ဆေးစွဲသူများ	-	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	
၁၉	ရွှေပြောင်းလုပ်သားများ	မရှိ	
၂၀	ကားသမား	-	
၂၁	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပင်လယ်ကမ်းခြေရွာ ဖြစ်သောကြောင့် အချိန်မရွေး သဘာဝဘေး အန္တရာယ် ကျရောက်နိုင်ပါသည်။ တစ်ရွာလုံးသည် မြေနိမ့်ပိုင်း ဖြစ်သောကြောင့် ရေကြီးနှစ်မြုပ်မှု ဒဏ်ကို ခံရနိုင်ပါသည်။ ရွှေပြောင်းလုပ်သားများ ရှိသော်လည်း (၁၀) ဦးခန့်သာ ရှိသောကြောင့် ထိခိုက်လွယ်မှု နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
၁	ဂေါပကအဖွဲ့	၃	၇	-	၇	ဘုန်းကြီးကျောင်း	သင့်

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
						ဝေယျာဝစ္စ	
၂	ကာလသမီးအဖွဲ့	၂-၃	-	၁၇	၁၇	ဧည့်ခံကျွေးမွေး သာရေးနာရေး	ကောင်း
၃	အမျိုးရေးရာ	၂	-	၁၀	၁၀	အမျိုးသမီးထိန်းသိမ်းစောင့်ရှောက်ရေး	ညံ့
၄	မိန်းမကြီးအဖွဲ့	၂-၃	-	၅	၅	ချက်ပြုတ်ရေး	ကောင်း
၅	ဒီရေတောထိမ်းသိမ်းရေးအဖွဲ့	၂	၅		၅	သစ်တောများပြန်လည်ကောင်းမွန်ရန်	
၆	မီးသတ်အဖွဲ့	၂	၄	-	၄	ကင်းစောင့်၊ မီးဘေးကာကွယ်	ကောင်း
၇	မိခင်နှင့်ကလေးအဖွဲ့	၂		၁၀	၁၀	မိခင်ကလေးစောင့်ရှောက်ရေး	ညံ့
၈	မြစိမ်းရောင် ကော်မတီ	၂	၅	၂	၇	စီမံကိန်းလုပ်ငန်း တာဝန်များ	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွဲ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွဲ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင်း အဖွဲ(၈)ဖွဲ့ရှိရာတွင် ဂေါပက၊ မီးသတ်၊ ဒီရေတောထိန်းသိမ်းရေးအဖွဲ့များတွင် အမျိုးသားများ ဖွဲ့စည်းထားသည်ကိုတွေ့ရပြီး၊ ကျန်အဖွဲ့များတွင် အမျိုးသမီးများသာ ဖွဲ့ထားသည်ကိုတွေ့ရသည်။ လုပ်ငန်းသတ်မှတ်ချက်အရ ရွာ၏ ဓလေ့ထုံးတမ်းအရ အဖွဲ့တိုင်းတွင် အမျိုးသမီးများပါဝင်ခြင်းမရှိခြင်းနှင့် အဖွဲ့တိုင်းတွင် အမျိုးသားများပါဝင်းမှု မရှိတာတွေ့ရသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	စိမ်းလန်းအမိမြေ	၂	ဒီရေတော ထိန်းသိမ်းရေး (၂၀၁၆-၁၇)
၂	သမချေးငွေ	၄	ချေးငွေ
၃	ERLIP	၄	ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၆-၁၇)
၄	မြစိမ်းရောင်	၄	မြစိမ်းရောင်ကျေးရွာစီမံကိန်း(၂၀၂၁-၂၀၂၂)

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

၂.၂.၁) သီးနှံထုတ်လုပ်ရေး(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ ဗဟုသ
လေ့လာတွေ့ရှိချက်။ ။အဆိုပါအဖွဲ့များတွင် သစ်တောထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲလုပ်ဆောင်ပေးခြင်း၊ သစ်တောများပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို (၂၀၁၆-၂၀၁၇) လုပ်ဆောင်ပေးလေးရှိသည်။ ERLIPမှာ ကျေးလက်အသက်မွေးဝမ်းကြောင်းနှင့် ဝင်ငွေမြင့်တင်ရေးစီမံကိန်း များ လုပ်ဆောင်ပေးခြင်း၊ စွမ်းဆောင်ရည်မြင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်း၊ သမချေးငွေနှင့် မြစိမ်းရောင်ချေးငွေမှ တစ်ဦချင်းချေးငွေပေးခြင်းများတွေ့ရသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအခြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၄	၇၅.၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	-	-	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက အောက်	၁	၁.၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက အောက်	၇	၁၄	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၆	၁၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၅၈**	**၁၁၃**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာရှိ အိမ်ထောင်စုများသည် ရေလုပ်ငန်းကိုသာ လုပ်ကိုင်ကြပြီး အချို့အိမ်ထောင်စုများသည် ဥယျာဉ်ခြံလုပ်ငန်းလည်း တွဲဖက်လုပ်ကိုင်ကြတာတွေ့ရသည်။ စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စု စုစုပေါင်း၄၄အိမ်ထောင်စု ရှိသည်ကိုလည်းတွေ့ရသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်ဧက	ရရှိနိုင်မှု	
			တန်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ရေသွင်းမြောင်း	-	-	-
၅	အဝီစိတွင်း	၁	တစ်နှစ်ပတ်လုံး	ရှိ
၆	လက်ဝင် ရေတွင်း	၄	ရာသီအလိုက်	မရှိ
၇	စိမ့်စမ်းရေ	-	-	-
၈	ချောင်းရေ	-	-	-
၉	အခြား	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ကျေးရွာ၏ရေအရင်းအမြစ်ရရှိခြင်းမှာ လက်ဝင်ရေတွင်း (၄)တွင်းနှင့်ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသည့် တွင်းတိမ်(၁)တွင်း ရေကို တစ်နှစ်ပတ်လုံး ဖူလုံစွာ ရယူ သုံးစွဲလျက်ရှိပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နည်း/လတ်/များ)	အမြတ် ရရှိနိုင်မှု (နည်း/လတ်/များ)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ကွမ်းသီး		ပိဿာ	၂၀၀	၃၅၀	၂၇၅	-	-	နည်း	လတ်	
စပါး	-	-	-	-	-	-	-	-	-	
ဓနိ	-	-	-	-	-	-	-	-	-	
ရာဘာ	-	-	-	-	-	-	-	-	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှာ ကွမ်းသီးတစ်မျိုးတည်းသာ ထွက်ရှိတာကိုတွေ့ရသည်။ စိုက်ပျိုးရေးလုပ်ငန်း ထပ်မံလုပ်ကိုင်ချင်သော်လည်း မြေနေရာမရှိခြင်း၊ ငွေအရင်းနှီးမရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်စားသောက်ခြင်း မရှိတာတွေ့ရသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ဌားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
ထွန်စက်	-	-	
လက်တွန်းထွန်စက်	-	-	
အစေ့ချ ကိရိယာ	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	
ရိတ်သိမ်းစက်	-	-	
ခြွေလှေ့စက်	-	-	
ရေစုပ်စက်	-	-	
ခြေနင်းရေတင်စက်	-	-	
မြက်ရိတ်စက်	၁၂	-	
အခြား	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင်လယ်ယာလုပ်ငန်းများလုပ်ကိုင်စားသောက်ခြင်းများမရှိသည်ကိုတွေ့ရှိရသည်။ပင်လယ်လုပ်ငန်းကိုသာ လုပ်ကိုင်စားသောက်ကြသည်ကိုတွေ့ရသည်။ လယ်ယာလုပ်ငန်းနှင့်ဆက်စပ်သော စက်ကိရိယာများမရှိတာကိုတွေ့ရသည်။ မြက်ရိတ်စက်(၁၂)လုံးသာတွေ့ရှိရပြီး ၎င်းစက်များကိုဥယျာဉ်ခြံများအတွက်အသုံးပြုကြသည်ကိုတွေ့ရသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)	လုပ်ကိုင်စားသောက်ခြင်းမရှိ၊မြေနေရာမရှိ၊အရင်းနှီးမရှိ
ရေရင်းမြစ်	-
သွင်းအားစုဈေးကွက်	-
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ရေလုပ်ငန်းများသာ လုပ်ဆောင်ခြင်း၊ မြေနေရာမရှိခြင်း၊ ငွေကြေးအရင်းအနှီးအခက်အခဲဖြစ်ခြင်း၊ မြေဆီမြေဩဇာ မကောင်းခြင်း၊ ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများမရှိခြင်း၊ နည်းပညာဆိုင်ရာဟောပြောပွဲ၊ ကွင်းဆင်းစိုက်ပျိုးခြင်းများ မရှိခြင်းတို့ကြောင့် သီးနှံစိုက်ပျိုးခြင်းမရှိတာတွေ့ရသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	ဓာတုမြေဩဇာများ ပိုမို သုံးစွဲလာမှုကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနေပါသည်။
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	ချေးငွေရရှိမှု မလုံလောက်၊ချေးယူရန်မလုံလောက်ခြင်း၊

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ငွေကြေးမလုံလောက်သည့်အတွက်သွင်းအားစုများအချိန်မီမဝယ်နိုင်။
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	လုပ်သားများ မရှားပါးသော်လည်းရေလုပ်ငန်းများသာလုပ်ကိုင်သောကြောင့်ဥယျာဉ်ခြံလုပ်သားများရှားပါးသည်။
ဖျက်ပိုးနှင့် ရောဂါ	ရောဂါပြဿနာများကိုခွဲခြားနားလည်မှုမရှိသောကြောင့်နည်းပညာဖန်ဆောင်မှုများလိုအပ်သည်။
ဈေးကွက် လက်လှမ်းမီမှု	ဘုတ်ပြင်းမြို့နယ်တွင်ဈေးအသင့်တင့်ရှိသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ကွင်းဆင်းစိုက်မျိုးရေးဝန်ထမ်း အလွန်နည်းပါးသောကြောင့်စိုက်ပျိုးရေးနည်းပညာများချပြပေးရန်လိုအပ်သည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဓာတုမြေဩဇာသုံးစွဲမှုကြောင့် မြေဆီမြေဩဇာများ အရည်အသွေးကျဆင်းနေတာတွေ့ရှိရပါသည်။ ငွေရေးကြေးအဆင်ပြေခြင်း၊ ချေးငွေမရရှိခြင်း၊ ချေးယူရန် မလွယ်ကူခြင်းတို့ကြောင့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီမဝယ်နိုင်ခြင်းများကို လေ့လာတွေ့ရှိရသည်။ လုပ်သားများမရှားပါးသော်လည်း ရေလုပ်ငန်းများသာ လုပ်ကိုင်ကြသောကြောင့် ဥယျာဉ်ခြံ လုပ်သူရှားပါးသည်။ မိုးရာသီနှင့်ဆောင်းရာသီတွင် ရေရရှိပြီး နွေရာသီတွင် ရေမလုံလောက်သည့်အတွက် စိုက်ပျိုးအတွက် ရေလုံလောက်မှု မရှိတာတွေ့ရသည်။ ဖျက်ပိုးနှင့်ရောဂါပြဿနာများကို ခွဲခြား နားလည်မှု မရှိခြင်းကြောင့် နည်းပညာဖန်ဆောင်မှုများ ပေးရန်လိုအပ်သည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
နွား	၁	၃	
နို့စားနွား	-	-	
မြင်း	-	-	
ကျွဲ	၁	၁	
မြည်း	-	-	
လား	-	-	
ဆိတ်	၁	၂	
သိုး	-	-	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
ဝက်			
ကြက်	၂၃	၃၁၈	တစ်နိုင်တစ်ပိုင်သာ
ဘဲ	၂	၁၆	
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-	-	
ပုဇွန်ကန်	-	-	
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	-	
ကမ်းနီး ငါးဖမ်းလုပ်ငန်း	၅၂	-	ရေလုပ်ငန်းကို အဓိက လုပ်ကိုင်ကြ သည့် အိမ်ထောင်စု

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာသည် နွား၊ ဆိတ်၊ ဘဲ၊ ကြွဲ၊ ကြက်များကို တစ်နိုင်တစ်ပိုင် မွေးမြူတာကိုတွေ့ရသည်။ ရေလုပ်ငန်းကို (၅၂)အိမ်ထောင်စု လုပ်ကိုင်သည်ကိုသာတွေ့ရသည်။ ကျေးရွာသည် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးတွင် ကူးစက်ရောဂါများကြောင့် မွေးမြူရေး မဖြစ်ထွန်းတာတွေ့ရသည်။

(၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ဆိတ်၊နွားမွေးမြူခြင်းမရှိပါ၊ဝက်နှင့်ကြက်သာမွေးမြူသည့်မြေနေရာရှိသည်။
ရေရရှိမှု	ကျေးရွာမှရေတွင်းများမှရေရနိုင်သည်။ရေလုံလောက်မှုရှိပါသည်။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	ဘုတ်ပြင်းမြို့နယ်အတွင်းမှလက်လှမ်းမှီနိုင်သည်။
ချေးငွေ	မြစိမ်းရာဇနှင့်သမချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ရရှိပါသည်။

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
သွင်းအားစု ဈေးကွက်	ဘုတ်ပြင်းမြို့နယ်အတွင်းမှလာဂယ်ခြင်း၊ကိုယ်တိုင်သွားရောင်းခြင်း၊ဈေးကွက်မှာ အသင့်အတင့်
နည်းပညာ ဝန်ဆောင်မှု	ယခင်ကနည်းပညာဂန်ဆောင်မရှိခဲ့ပါ၊နည်းပညာဂန်ဆောင်မှုများပေးရန်လိုအပ်သည်။
ထုတ်ကုန် ရောင်းဝယ်မှု	ဘုတ်ပြင်းမြို့နယ်အတွင်းမှလာဂယ်ခြင်း၊ကိုယ်တိုင်သွားရောင်းခြင်း၊ဈေးကွက်မှာ အသင့်အတင့်
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	မွေးမြူရေးမွေးမည်ဆိုပါကမြေနေရာလုံလောက်သည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လက်လှမ်းမှီမှုရှိသည်၊အနည်းငယ်ရှားပါးသည်။
ချေးငွေ	လုပ်ငန်းရှင် သူဌေးမှ ကြိုတင်ငွေ ထုတ်ချေးပေးပါသည်။
သွင်းအားစု လက်လှမ်းမီမှု	လုပ်ငန်းရှင် သူဌေးမှ လိုအပ်သည့် သွင်းအားစုများ ထုတ်ပေးပါသည်။
လိုင်စင်လက်လှမ်းမီမှု	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လှေ-စက်လိုင်စင်များ လာရောက် လုပ်ဆောင်ပေးပါသည်။
ထုတ်ကုန် ရောင်းဝယ်မှု	ဘုတ်ပြင်းမြို့နယ်ငါးဦးစီးဌာနမှလုပ်ဆောင်ပေးသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဲဖြူကျေးရွာတွင် ဆိတ်၊ နွား မွေးမြူခြင်းမရှိခဲ့ပါ။ ကြက်နှင့်ဂက်မွေးမြူရန်အတွက် မြေနေရာများရှိသည်ကိုတွေ့ရသည်။ ကျေးရွာအတွင်းရှိ ရေတွင်းများမှ ရေရရှိတာတွေ့ရပြီး ရေလုံလောက်မှုမရှိတာတွေ့ရသည်။ မျိုးတိရစ္ဆာန်များကို ဘုတ်ပြင်းမြို့မှ လက်လှမ်းမှီနိုင်တာကို တွေ့ရသည်။ တိရစ္ဆာန်များကိုယခင်မှာတော့ တစ်ပိုင်တစ်နိုင်သာ မွေးခဲ့ပေမဲ့သေဆုံးမှုများသောကြောင့် ယခုအခါတွင် မွေးမြူခြင်းမရှိတာကိုတွေ့ရသည်။ ဈေးကွက်အနေဖြင့် အသင့်အတင့်ရှိပြီး ဘုတ်ပြင်းမြို့နယ်မှ လာဂယ်ခြင်း၊ မြို့သို့ ကိုယ်တိုင်သွားရောက်ရောင်းခြင်းများလည်း ရှိတာတွေ့ရသည်။ ယခင်က နည်းပညာဂန်ဆောင်မှုပေးတာမရှိသည့်အတွက် နည်းပညာဂန်ဆောင်မှုများ ပေးရန်လိုအပ်သည်။ မွေးမြူရေးလုပ်မည်ဆိုပါက မြေနေရာ လုံလောက်မှုမရှိတာတွေ့ရသည်။ မွေးမြူရေးသားပေါက်များ လက်လှမ်းမီမှုအနည်းငယ် ရှားပါးတာတွေ့ရသည်။ ချေးငွေအနေဖြင့် လုပ်ငန်းရှင်သူဌေးမှ ချေးယူရရှိပြီး နည်းပညာများချပေးရန်လိုအပ်သည်။

(၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	ချေးငွေရရှိနိုင်မှုမရှိပါ၊ရရှိရန်အတွက်အခက်အခဲ ရှိပါသည်။
ကူးစက်ရောဂါဖြစ်ပွားမှု	ကြက်နာ/ ဝက်နာများ ဖြစ်ပွားမှု မြင့်မားပါသည်။နည်းပညာပံ့ပိုးရန်လိုအပ်သည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနည်းလမ်းမရှိ၊ဘုတ်ပြင်းမြို့နယ်နှင့်ချိတ်ဆက်ပေးရန်လိုအပ်ခြင်း။
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	တစ်ခါမှလုပ်ဆောင်ပေးခြင်းမရှိ။
အခြား	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	ငါးဖမ်းခွင့်ရရှိမှုခက်ခဲသည်။
ချေးငွေ ရရှိနိုင်မှု	မြစိမ်းရောင်/သမချေးငွေများမှ ရရှိခြင်း။သူဌေးထံမှ ရရှိနိုင်သည်။
ထုန်ကုန်များ ရောင်းချနိုင်မှု	ရွာရှိ အဝယ်ဒိုင်တွင် တစ်ပိသာလျှင် (၃၀၀၀) ကျပ် ဈေးလျော့ရရှိပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ချေးငွေများရရှိပါသည်။မွေးမြူရေးအနေဖြင့်လဲ ဝက်နာ၊ ကြက်နာ ကူးစက်ရောဂါများဖြစ်ပွားသောကြောင့် မွေးမြူရန်ခက်ခဲတာတွေရသည်။ ထိုကြောင့် ကူးစက်ရောများ မဖြစ်ပွားရန် နည်းပညာများ ပို့ချပေးရန်လိုအပ်သည်။ နည်းပညာ နည်းလမ်းများမရှိခဲ့သဖြင့် ဘုတ်ပြင်း မြို့နယ် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပေးရန်လိုအပ်သည်။ မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လေလံ များ တစ်ခါမှ လုပ်ဆောင်ပေးခြင်းမရှိခဲ့သည့်အပြင် ငါးဖမ်းခွင့်ရရှိမှုမှာလဲခက်ခဲသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မြို့နှင့် အလှမ်းမဝေးခြင်း	ဘုတ်ပြင်းမြို့နှင့် (၁၀) မိုင်ခန့်သာ ကွာဝေးပြီး သွားလာရ လွယ်ကူပါသည်။
စာတတ်မြောက်သူများ လာခြင်း	အတန်းပညာ တတ်မြောက်သူဦးရေ များပြားလာပါသည်။

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ကျေးလက်/ဦးစီးဌာနမှ သင်တန်းများ ရနိုင်ခြင်း	ဝင်ငွေတိုးလုပ်ငန်းများဆိုင်ရာ နည်းပညာသင်တန်းများ ပေးနိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ အခြား ဦးစီးဌာန များ ရှိနေပါသည်။
အလုပ်လုပ်နိုင်သူ ဦးရေ များခြင်း	ကျေးရွာအတွင်း အသက်အုပ်စုများအရ အလုပ်လုပ်နိုင်သူဦးရေမှာ (၅၈) ရာခိုင်နှုန်းကျော် ရှိနေပြီး အမျိုးသမီးအများစုက အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြသည်။
ကုန်ကြမ်းပေါများခြင်း	ရေထွက်ကုန်ကြမ်းများ အသင့်အတင့် ပေါများပါသည်။ (ငါး၊ ရေခူ……..)

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အမျိုးသားများ ဝင်ငွေရှာရန် ငါးဖမ်းထွက်ချိန်တွင်အမျိုးသမီးအများစုမှာ အိမ်တွင်းအလုပ်သာ လုပ်ကိုင်ကြပြီး အိမ်မှုကိစ္စမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ (ခူဆေး၊ ကွမ်းသီးခွဲ၊ ငါးပိထောင်း၊ ဂဏန်းဖမ်း) များစွာ ရှိနေပါသည်။ ငါးပိလုပ်ငန်းကို သုံးလခန့် လုပ်ကိုင် နိုင်ပြီး အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ပညာတတ်မြောက်မှု နည်းပါးခြင်း	သွားလာမှုခက်ခဲခြင်း၊ငွေရေးအဆင်မပြေခြင်း၊မူလတန်း/အလယ်တန်းအဆင့် တွင်သာ ရပ်နားခဲ့ကြသည်။
အလုပ်အကိုင် ရှားပါးခြင်း	ရေလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်။
အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုနည်းခြင်း	အသက်မွေးဝမ်းကြောင်းနည်းပညာနည်းပါးခြင်း၊ဂန်ဆောင်မှုပေးရန်လိုအပ်ခြင်း၊
လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း	ရေလမ်းနှင့်သွားလာခြင်း၊ ကုန်းလမ်းမှာတောမြေနီလမ်းဖြစ်သည့်အတွက်မိုးရာသီတွင်ခက်ခဲသည်။
အရင်းနှီးမလုံလောက်ခြင်း	ငွေကြေးလုံလောက်မှုမရှိပါ၊သူငွေးမှတောချေးငွေချေးယူနိုင်သည်။
လျှပ်စစ်မီး မရရှိခြင်း	ကျေးရွာတွင် မြို့နှင့်အတူ မဟာဓါတ်အားလိုင်း(၂၄)နာရီမီးရရှိပါသည်။
ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း	ရေထွက်ကုန်ဈေးကွက်ကို သူငွေးမှ ဈေးကွက်ကိုချုပ်ကိုင်ထား ပါသည်။

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ငင်းကျေးရွာသည် အသက်မွေးဝမ်းကြောင်းနည်းပညာ နည်းပါးခြင်းကြောင့် နည်းပညာများလမ်းညွှန်ပေးရန်လိုအပ်သည်။ ငွေကြေးအရင်းအနှီး မလုံလောက်သည့်အတွက် အလုပ်ကိုင် အခွင့်အလမ်းများ လဲမရှိပါ။ သွားလာမှုခက်ခဲခြင်း၊ ငွေကြေးအဆင်မပြေခြင်းတို့ကြောင့် ပညာတတ်မြောက်မှု

နည်းပါးသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ရေလမ်း၊ကုန်းလမ်းနှစ်မျိုးစလုံး သွားလာနိုင်သည်။ ဈေးကွက်များကိုလဲ လုပ်ငန်းပိုင်ရှင်တစ်ဦးတည်းမှ ချုပ်ကိုင်ထားသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သား ရှိသော အိမ်ထောင်စုနှင့် လူဦးရေ	၃	၂	၂	၄	-	-	-	-	-	-
	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	-	-	-	-	-	-	-	-	-	-
	၆ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထက်	၃	၂	၂	၄	-	-	-	-	-	-

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူရွာမှ ရွှေပြောင်းသွားလာ လုပ်ကိုင်နေကြသူ အနည်းငယ်မှာ ပြည်တွင်း၌သာ လုပ်ကိုင်ကြပါသည်။ သွားလာလုပ်ကိုင်ကြသူများသည် ကာလရှည် သွားရောက် လုပ်ကိုင်ကြပြီး ကျေးရွာသို့ရက်အနည်းငယ်သာ အလည်လာကြသည်ကိုတွေ့ရသည်။ သွားရောက်လုပ်ကိုင်သူများသည် ပြည်တွင်းမှာသာ လုပ်ကိုင်စားသောက်ကြသည်ကိုတွေ့ရသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၄
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ရွှေပြောင်းသွားလာလုပ်ကိုင်နေကြသူများသည်

ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရရှိရန် သွားရောက်လုပ်ကိုင်နေကြသည်ကိုတွေ့ရသည်။ အစိုးရဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်သူ(၁)ဦးသာရှိသည်။ ရွှေပြောင်းသွားလာလုပ်ကိုင်သူ အနည်းငယ်ရှိသည်ကိုလဲတွေ့ရသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၁	၁	-	၂	-
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-	-	-	-	-
	- ဘဏ်	-	-	-	-	-
	- လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း	၂	၃.၄၄%	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း၏(၁%)သည် ရွှေပြောင်းလုပ်ကိုင်သူများ ဖြစ်သည်ကိုတွေ့ရသည်။ မိသားစုများကလဲ ပြန်ပို့ငွေကို မှီခိုနေရသည်ကို တွေ့ရသည်။ လုပ်သားများသည် ငွေကို ကိုယ်တိုင်လာရောက် ပို့ပေးကြသည်ကိုလဲတွေ့ရသည်။ ကျေးရွာတွင် ပြောင်းရွှေ့လုပ်ကိုင်သူနည်းပါးသည်။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (မိုင်)	ဘုတ်ပြင်း	ဘုတ်ပြင်းမြို့ကုန်းလမ်း(၁၂)မိုင်၊ ရေလမ်း(၉)မိုင်။
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ဘုတ်ပြင်း(ရေလမ်းနှင့် ကုန်းလမ်း)	ကား၊ ဆိုင်ကယ်၊ (၈၀၀၀) ကျပ်၊လှေ။
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ	ဘုတ်ပြင်း	ဆန်၊ ဆီ၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	ဘုတ်ပြင်း	လတ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဲဖြူကျေးရွာတွင် ရေလုပ်ငန်း လုပ်ကိုင်သူများသည် ဈေးကွက်လက်လှမ်းမီမှုတွင် ကျေးရွာတွင်သာ ရောင်းချကြသည်ကိုသာ တွေ့ရသည်။ ကျေးရွာတွင် အိမ်ဆိုင်(၆)ဆိုင်ရှိပြီး ဆန်၊ ဆီ၊ ဆေးများကဈေးကြီးသည်ကိုတွေ့ရသည်။ ရေလုပ်ငန်းကို လုပ်ကိုင်ကြသည့်အတွက် ပင်လယ်မှထွက်သော ငါးများဈေးပေါသည်။ ဂျင်းကောက်သည့် နေရာသည် ရွာမှ(၁၅)မိုင်ကွာဝေးပါသည်။ ကျေးရွာတွင် ဈေးမရှိပါ။ ဖမ်းယူရရှိလာသော ငါးများကိုရေခဲပုံးဖြင့်ထည့်ပြီး ဘုတ်ပြင်းမြို့သို့ ကုန်းလမ်း၊ ရေလမ်းများဖြင့် ရောင်းချကြပါသည်။ ရွာတွင် ဈေးဆောက်ပေးရန်လိုအပ်ပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်)	ချေးငွေ	၆ လ	၂ ကျပ်	မလို	ငွေကြေးပမာဏအကန့်အသတ်ရှိ
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ပုဂလိကအသေးစားချေးငွေပန်ဆောင်မှု	-	-	-	-	-
အဖွဲ့လိုက်ငွေစု၊ ငွေချေးအစီအစဉ်	-	-	-	-	-
ငွေချေးပေးသူ	ချေးငွေ	-	၁၀ကျပ်	-	ဆင်းရဲချမ်းသာမခွဲခြားပါ
အပေါင်ဆိုင်	-	-	-	-	-
မိတ်ဆွေနှင့်ဆွေမျိုးများ	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းဆင်းရဲနွမ်းပါးသူများကို အလုပ်လုပ်ရာတွင် အဆင်ပြေစွာအသုံးပြုရန်အတွက် ငွေချေးပေးသူကငွေများကို ဆင်းရဲချမ်းသာမရွေး ထုတ်ချေးပေးသည်။ သမချေးငွေပန်ဆောင်မှုမှာ အိမ်ထောင်စုရှိသူများ၊ အဖွဲ့ဝင်များကိုသာ ထုတ်ချေးပေးသည့်အတွက် ရွာများအတွက် ငွေကြေးအထောက်အပံ့များ လိုအပ်နေပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	လတ်	ထွက်နှုန်းအလယ်အလတ်လောက်ရှိ။
အပင်မျိုးစိတ်များ	နိမ့်	ပရုံး၊ လမက်၊ ကနစို၊ ကျနန်း၊ ဆောင်၊ ဖြူးပုတ်၊ပင်လယ်အုန်း တို့မှာ ပျက်စီးဆုံးရှုံးမှုမရှိ။
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	နိမ့်	ဒီရေတောထိန်းသိမ်းခြင်း။
ရေအရင်းအမြစ်	မရှိ	-
ငါးမျိုးကွဲများ	မရှိ	-
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	ဒီရေတောများလက်ရှိရှိနေခြင်း။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	ပလပ်စတစ်၊ အသုံးအဆောင်များမီးရှို့ခြင်းကြောင့်မြေဆီလွှာ ပျက်စီးခြင်း။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ထင်းများခုတ်ယူခြင်းများကို ဥယျာဉ်ခြံအတွင်း၌သာ ခုတ်ယူလေးရှိသည်ကိုတွေ့ရသည်။ ဒီရေတောထိန်းသိမ်းခြင်းများရှိသဖြင့် အပင်မျိုးစိတ်များ မျိုးတုံးပျက်စီးမှုမရှိပါ။ တိရစ္ဆာန်မျိုးကွဲများလဲ ဆက်လက်ရှိနေသည်ကို တွေ့ရသည်။ ဆိုးကျိုးအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ပလပ်စတစ်များ မီးရှို့ခြင်းတို့ကြောင့် လေထု၊ ရေထုညစ်ညမ်းမှုများ ဖြစ်ပွားလာနိုင်သည်။ ထိုကြောင့် အသိပညာဗဟုသုတများ ပေးရန်လိုအပ်ပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၁၃	၁၄	၂၇	၁၂.၈၉
ဘုန်းကြီးကျောင်းသင်ပညာရေး	၉	၄	၁၃	၆.၂၅
မူလတန်းအဆင့်ရှိသူဦးရေ	၃၉	၄၂	၈၁	၃၈.၉၄

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
အလယ်တန်းအဆင့်ရှိသူဦးရေ	၃၇	၃၀	၆၇	၃၂.၂၁
အထက်တန်းအဆင့်ရှိသူဦးရေ	၇	၁၀	၁၇	၈.၂
ဒီပလိုမာအဆင့်ရှိသူဦးရေ	-	-	-	-
တက္ကသိုလ်၊ကော့လိပ်အဆင့်ရှိသူဦးရေ	၁	၂	၃	၁.၄၄
ဘွဲ့လွန်ပညာအဆင့်ရှိသူဦးရေ	-	-	-	-
အသက်မွေးပညာအဆင့်ရှိသူဦးရေ	-	-	-	-
အခြား	-	-	-	-
၉နှစ်နှင့်အထက်လူဦးရေပေါင်း	**၁၀၆**	**၁၀၂**	**၂၀၈**	၁၀၀

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၇၇)ရာခိုင်နှုန်းရှိပါသည်။ ဘွဲ့ရရှိသူမှာတစ်ဦးသာရှိပါသည်။ မူလတန်းအဆင့်ရှိသူမှာ (၃၈)ရာခိုင်နှုန်းလောက်ရှိပါသည်။ အလယ်တန်းအဆင့်ရှိသူမှာ (၃၂)ရာခိုင်နှုန်းလောက်ရှိပြီး အထက်တန်းအဆင့်မှာ သိသာစွာ လျော့နည်းနေသည်ကိုလဲတွေ့ရပါသည်။ ထိုကြောင့် ကျေးရွာတွင် ပညာရေးတိုးတက်ရန် အထူး လိုအပ်နေသည်လဲတွေ့ရပါသည်။

(၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉ နှစ်)	၂၆	၂၂	၄၈	၆၁.၅၄
အလယ်တန်း (၁၀-၁၄နှစ်)	၁၃	၁၁	၂၄	၃၀.၇၆
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၁	၅	၆	၇.၇
တက္ကသိုလ် ကျောင်းသား၊ သူ	-	-	-	-
စုစုပေါင်း	၄၀	၃၈	၇၈	၁၀၀

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် လက်ရှိကျောင်းတတ်သူဦးရေမှာ မူတန်းတွင် (၄၈)ယောက်ရှိပြီး၊ အလယ်တန်းမှာ (၂၄)ယောက်ရှိသည်ကို တွေ့ရသည်။ အထက်တန်းမှာ (၆)ယောက်ရှိသည်ကိုတွေ့ရသဖြင့် ရွာတွင် ကျောင်းတက်နှုန်းများသည်ကိုတွေ့ရပါသည်။ ထိုကြောင့် ကျေးရွာတွင် စာသင်ကျောင်းရှိရန် လိုအပ်ပါသည်။ ကျောင်းသားများသည် အေးချမ်းမြို့(၂)စာသင်ကျောင်းတွင် သွားရောက်တက်ရောက်သည်ကိုတွေ့ရသည်။ အထက်တန်းနှင့်အလယ်တန်းမှာတော့ ဘုတ်ပြင်းမြို့သို့ သွားရောက်တက်ရောက်သည်ကိုတွေ့ရသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်း၊အထက်တန်း
ရွာမှ အကွာအဝေး(မိုင်)	အေးချမ်းမြိုင်(၂)၊(၂)မိုင်ခန့်			ဘုတ်ပြင်းမြို့(၁၂)မိုင်ခန့်
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျှင်နှင့်ဆိုင်ကယ်			ဆိုင်ကယ်နှင့်ကား
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)	၆၀×၃၀×၁၂			-
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သွပ်မိုး၊အုတ်၊ကွန်ကရစ်၊သင့်			-
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	မရှိ၊(၄)လုံး၊အရည်အသွေးသင့်၊			-
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	တစ်နှစ်ကို(၁)ကြိမ်			-
ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	
အစိုးရခန့်	၁	၅	၆	
ကျေးရွာခန့်	-	-	-	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ ကျောင်းသားများသည် အေးချမ်းမြိုင်(၂)သို့ခြေလျှင်နှင့်ဆိုင်ကယ်တို့ဖြင့်သွားသည်ကိုတွေ့ရသည်။ဘုတ်းပြင်းမြို့သို့တက်ရောက်မည် ဆိုပါကဆိုင်ကယ်နှင့်ကားများဖြင့်သွားရောက်တက်ရောက်သည်ကိုတွေ့ရသည်။သဲဖြူကျေးရွာတွင် ERLIP မှစာသင်ကျောင်း ဆောက်လုပ်ပေးထားပြီး အစိုးရခန့်ဆရာ၊ဆရာမများ လိုအပ်နေသည်ကိုတွေ့ရသည်။ ၎င်းအစိုးရခန့်ဆရာ၊ဆရာမများနှင့်ကျောင်းအိမ်သာများလိုအပ်နေသည်ကိုတွေ့ရသည်။

(၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	-
တပည့် - ဆရာ အချိုး	-
မူလတန်းပညာ ကျောင်းထွက်နှုန်း	-
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	-
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	-
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	-
မိဘဆရာအသင်း၏အခန်းကဏ္ဍ	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက် ။သဲဖြူကျေးရွာတွင် စာသင်ကျောင်းများ မရှိသည့်အတွက် ကလေးများ၏ ပညာရေးအတွက် အခက်အခဲများစွာ ရှိနေသည်ကိုတွေ့ရပါသည်။ ယခုအချိန်တွင်အေးချမ်းမြိုင် (၂)ကျောင်း သို့သွားရောက်တက်ရောက် နေသည်ကိုတွေ့ရသည်။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		✓		
၂	သွေးလွန်တုပ်ကွေး		✓		
၃	ငှက်ဖျား			√	
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ			√	
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ			✓	
၆	တီဘီ			√	
၇	ဆီးချို	√			
၈	သွေးတိုး	√			
၉	အသည်းရောဂါ (ဘီ၊ စီ)			✓	
၁၀	အာဟာရ ချို့တဲ့မှု			✓	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ			✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ဆီးချိုနှင့်သွေးတိုး ရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ဘုတ်ပြင်းမြို့သို့ သွားရောက်ကုသရမည်ဖြစ်၍ အခက်အခဲများရှိပါသည်။ ဆေးဆရာမသည် ကာကွယ်ဆေးများကို တစ်လတစ်ကြိမ် လာရောက်ထိုးပေးလေး ရှိသည်ကိုလဲတွေ့ရပါသည်။ ကျေးရွာတွင် ဆေးပေးခန်းများရှိရန် လိုအပ်ပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ		✓	
၂	ဆုံဆို့၊ ကြွက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓		
၃	ပိုလီယိုရောဂါ	✓		
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓		
၅	ဝက်သက်ရောဂါ	✓		
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု		✓	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✓	
၈	အာဟာရပညာပေး အစီအစဉ်		✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ အုပ်စုကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ သားဖွားဆရာမမှ တစ်လတစ်ကြိမ် လာရောက်၍ ကိုယ်ဝန်ဆောင်မိခင်များအတွက် စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များကို ကာကွယ်ဆေးတိုက်ကျွေးခြင်းများ ပြုလုပ်ပေးလေ့ရှိသည်ကိုတွေ့ရသည်။ ထိုကြောင့် ရောဂါဖြစ်ပွားမှုနည်းပါးသည်ကိုလဲတွေ့ရပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှု ရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာနခွဲ	ဘုတ်ပြင်း(၅)မိုင်	ရှိ	-		
မြို့နယ် ဆေးရုံ					
ဆေးဆိုင်	-				

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ဘုတ်ပြင်းမြို့သို့ တိုက်ရိုက်သွားရောက်ကုသရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းလဲမရှိပါ။ ဆေးပေးခန်းလဲမရှိသဖြင့် အခက်အခဲများစွာရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမသည် တစ်လတစ်ကြိမ် ကွင်းဆင်းလာရောက်စစ်ဆေးပေးပြီး လိုအပ်သည်များကို လုပ်ဆောင်ပေးပါသည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိရန် လိုအပ်ပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာတွင် အသိပညာများ တိုးပွားလာမည်ဖြစ်သည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	(၄)	ကောင်း	-	✓	✓	ရွာပိုင်
အဝိစိတွင်း/စက်တပ်	-	-	-	-	-	
အဝိစိတွင်း/တုံကင်	-	-	-	-	-	
မိုးရေသိုလှောင်ကန်	-	-	-	-	-	
မြစ်/ချောင်း	-	-	-	-	-	
ရေကန်	-	-	-	-	-	

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
စိမ့်စမ်းရေသွယ်တန်းခြင်း	-	-	-	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းတွင် ရွာပိုင် ရေတွင်း(၄)တွင်းသာရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စုများမှာ ထိုရေတွင်း၌သာ သောက်သုံးရေများကို အသုံးပြုလျက်ရှိသည်ကိုတွေ့ရသည်။ ရေတွင်းမှာ ရေထွက်နည်းပြီး အသုံးပြုသူများသဖြင့် တစ်နှစ်ပတ်လုံး ရေလုံလောက်မှု မရှိသည်ကိုတွေ့ရသည်။ ရေမှာ မိုးရာသီနှင့်ဆောင်းရာသီးတွင် လုံလောက်မှုရှိပြီး နွေရာသီတွင် ရေရရှိရန် အခက်အခဲများနှင့်ကြုံရပါသည်။ ရေတွင်းများ ပြုလုပ်ပေးပါက ရေခက်ခဲမှုနည်းလာမည်ဖြစ်သည်။

(၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ရေလောင်း/ယင်လုံအိမ်သာ	၁၄	
ကျင်းအိမ်သာ	၂	ယင်လုံအိမ်သာမဆောက်နိုင်ခြင်း
မြေ/ရေပေါ်အိမ်သာ		
တောထိုင်	၄၂	ယင်လုံအိမ်သာမဆောက်နိုင်ခြင်း
စုစုပေါင်း	၅၈	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ယင်လုံအိမ်သာ အနည်းငယ်သာရှိသည်။ တောထိုင်အိမ်သာများသည်ကိုတွေ့ရသည်။ ထိုကြောင့် အိမ်တိုင်း ယင်လုံအိမ်သာဆောက်ရန်နှင့် ကျန်းမာရေးအတွက် အလွန်အရေးကြီးသည်ကိုတွေ့ရှိရပြီး ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ယင်လုံအိမ်သာဆောက်ခြင်းတို့ကိုကူညီပန့်ပိုးပေးခြင်းဖြင့် အသိပညာများ တိုးလာ နိုင်ပါသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	✓		
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	✓		ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့်များ ရရှိကြပါသည်။
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ		✓	
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	✓		

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အလွန်အားနည်းနေသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် ကျေးရွာက သာရေးနာရေးတွင်သာ အားတက်သရောပါဝင်လေ့ရှိသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်အညီ တရားမျှတမှုဆိုင်ရာများအတွက် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်သည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃/၄)	ကောင်း သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည်
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်းမကွန်ကရစ်ဘီးလမ်း	၃	ကောင်း	၂၀၂၀		✓	၂ဖာလုံ
ကွန်ကရစ်လမ်း	၃	ကောင်း	၂၀၂၄		✓	၁ဖာလုံ
			-			
ရွာချင်းဆက်လမ်း	၃	ကောင်း	၂၀၁၆		✓	၁၇၆၈ပေ

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ကျောက်ခင်းလမ်း - ၂၊ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ရွာလမ်းမကြီးနှင့် ချဉ်းကပ်လမ်းများသည် ကွန်ကရစ်လမ်း များဖြစ်ပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	-	-	-	-	

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
သစ်သားတံတား					
ကွန်ကရစ်တံတား					
ကြိုးတံတား					
ရေပြွန်	၄ပေ၀ွေ	ကောင်း	၂၀၁၆		✓

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ပင်လယ်ရွာဖြစ်သဖြင့် စက်လှေများဆိုက်ကပ်ရန် တံတားများမရှိပါ။ တံတားများဆောက်ပေးခြင်းဖြင့် သွားလာရန်လွယ်ကူနိုင်ပါသည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	၉	စက်လှေ	-	✓

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ပင်လယ်ရွာဖြစ်သဖြင့် ပင်လယ်ရေကြောင်းလမ်းကို အဓိကအားထား အသုံးပြုကြပါသည်။ စက်လှေများသည် ထွက်ကုန်များရောင်းချရန်၊ ဈေးဝယ်ရန်နှင့် ရေခဲများ ဝယ်ရန် ဘုတ်ပြင်းမြို့သို့ ရေကြောင်းလမ်းဖြင့် (၉)မိုင်ခန့် သွားလာရပါသည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	ဘေးတွဲဆိုင်ကယ်	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၃၉	၄	၁	၁၈	-	-	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာ၏ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းလမ်းနှင့်ကားလမ်းနှစ်မျိုးလုံးအသုံးပြုကြပါသည်။ မိုးရာသီတွင် သွားလာရန် အခက်အခဲများစွာ ရှိသည်ကိုလဲတွေ့ရှိရပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	-		
ဆိုလာစနစ်	၇	သင့်	ရှိ
အသေးစားရေအားလျှပ်စစ်	-		
ဒီဇယ်သုံးအင်ဂျင်	၁၂	သင့်	ရှိ
လေစွမ်းအင်	-		
ဇီဝလောင်စာ	-		
ဖယောင်းတိုင်	၃၉	ညံ့	ရှိ

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲဖြူကျေးရွာတွင် ဒီဇယ်အင်ဂျင်အသုံးပြုပြီး မီးသုံးစွဲသူများရှိသလို ဆိုလာသုံးစွဲသူ အနည်းငယ်လဲရှိသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုသည် ဖယောင်းတိုင်မီးကိုသာ အဓိက အသုံးအသုံးပြုကြသည်။ အိမ်တိုင်းလျှပ် စစ်မီးရရှိရန် လိုအပ်နေပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၃၃	-	၁၈	၉	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဖုန်းလိုင်းများမိသဖြင့် ဆက်သွယ်ရန်လွယ်ကူလှပါသည်။ တီဗွီ၊ စလောင်းများလဲရှိသဖြင့် အသိပညာဗဟုသုတ များစွာရရှိနိုင်ပါသည်။ အင်တာနက်များလဲ အသုံးပြုကြသည်ကိုလဲတွေ့ရပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	ရှိ၊ဂန်ဆောင်မှုမရှိပါ။
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ပါဝင်ခွင့်ရှိ၊အားကောင်းပါသည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	အားကောင်းပါသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	နည်းပါးပါသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	အသင့်အတင့် ရှိကြပါသည်။
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	မရှိ၊ဘုန်းကြီးကျောင်းမရှိ။
စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု	မရှိ၊အရင်ကရှိ၊အင်တာနက်လက်လှမ်းမှီမှုရှိ။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အပန်းဖြေနိုင်သည့် နေရာများသည်သဲဖြူကျေးရွာနှင့် ဝေးကွာလှပါသည်။ ကျေးရွာရှိ ရွာသူရွာသားများသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားကြပါသည်။ ကျေးရွာတွင် အားကစားကွင်းများမရှိပါ။ ကျေးရွာတွင် စာကြည့်တိုက်မရှိသဖြင့် အသိဉာဏ်ဗဟုသုတ နည်းပါးကြပါသည်။ ကျေးရွာတွင် ဘုန်းကြီးကျောင်းမရှိပါ။ ဖုန်းလိုင်းမိသောကြောင့် အင်တာနက်လက်လှမ်းမှီကြပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	ဖုန်းလိုင်း ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ စာတိုက်မှာ ဘုတ်ပြင်းတွင် ရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်	ရေကြီးချိန်တွင် ဘေးကင်းစေရန်အတွက် လိုအပ်လျှင် တောင်ထိပ်သို့ ပြောင်းရွှေ့ရန် မြို့နယ်မှ အကြောင်းကြားပါသည်။
ရဲစခန်းများအား လက်လှမ်းမီမှု	ဘုတ်ပြင်းရဲစခန်း၁၂ မိုင်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ဖုန်းလိုင်းများ ကောင်းမွန်သဖြင့် ဆက်သွယ်ရေး လွယ်ကူပါသည်။ ပင်လယ်ကမ်းခြေရွာများဖြစ်၍ ရာသီဥတုအခြေအနေအရ သဘာဝဘေးအန္တရာယ်ကြုံတွေ့နိုင်ဖွယ်ရှိလျှင် လိုအပ်ပါက တောင်ထိပ်သို့ ပြောင်း ရွှေ့နေထိုင်ရန် ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူးမှတဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးသို့ အကြောင်းကြားပါသည်။ ဘုတ်ပြင်းမြို့နယ် ရဲစခန်းမှလုံခြုံရေးအကူအညီများ ရရှိနိုင်ပါသည်။မှုခင်းများ ဖြစ်ပါက ဘုတ်ပြင်းမြို့နယ် ရဲစခန်းသို့ သွားရောက်တိုင်ကြား ကြသည်ကိုလဲ တွေ့ရပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်/မရှိ	-	သာမန်	သာမန်	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ဆင်းရဲမှုကြောင့် ခိုးယက်မှုအနည်းငယ်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်သာရှိပြီး အရက်သေစာသောက်စားမှုလည်း အသင့်တင့်ရှိပါသည်။

၅။နောက်ဆက်တွဲများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ- သဲဖြူ ကျေးရွာအုပ်စု- ကမာချောင်း

	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**စိုက်ပျိုးရေး**					
	• ချဲထွင်ရန်မြေနေရာ မရှိခြင်း။	• မြေယာပိုင်ရှိခြင်း။	• တခြားဒေသတွင်သွားရောက်စိုက်ပျိုးနိုင်ခြင်း။	• အရင်းအနှီးရှိသော်လည်း ဝယ်ယူရန်မြေနေယာမရှိခြင်း	• တခြားဒေသတွင် စိုက် ပျိုးနိုင်ခြင်း။	• နည်းပညာ ပံ့ပိုးပေးရန်။
၂	**မွေးမြူရေး**					
	• အနည်းအငယ်သာ	• ရင်းအနှီးမလုံလောက်ခြင်း။	• မြေနေရာလုံလောက်၍ စာကျက်မြေများရှိခြင်း။	• သားကောင်ပေါက်ရှားပါးခြင်း။	• အတိုးနှုန်းသက်သာ သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း။	• မွေးကဉ်းစီးဌာနမှ မွေးမြူရေးဆိုင်ရာအသိပညာပေးရန်။
၃	**ပညာရေး**					
	• အထက်တန်းပညာပြီးမြောက်သူနည်းပါးခြင်း	• စာသင်ဆောင်မလုံလောက်ခြင်း	• ဘုတ်ပြင်းမြို့ အ.ထ.က ကျောင်းနှင့် နီးခြင်း	• အရင်အနီးမတတ်နိုင်ခြင်း	• ကျောင်းဆောင်တိုးချဲ့ ခြင်း	• ပညာရေး ဆိုင်ရာအဖွဲ့အစည်းများ ကူညီရန်

၄	**ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေး**					
	• ကျန်းမာရေး ဝန်ထမ်း များမရှိခြင်း၊ ရေရှား ပါးခြင်း။	• ဘုတ်ပြင်းမြို့နှင့် သွား လာရ လွယ်ကူခြင်း။ လက်တူးရေတွင်း လေးတွင်းနှင့် တွင်းတိမ် တစ်တွင်းရှိခြင်း။	• ဘုတ်ပြင်းမြို့နှင့် သွား လာရ လွယ်ကူခြင်း။	• ငွေကြေး မရှိခြင်း	•	• ကျန်းမာရေးလုပ်သားများ မရှိ ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်း
၅	**စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ**					
	• စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ မရှိခြင်း။	• ကျေးရွာအတွင်း နေထိုင်သူ နည်းပါးခြင်း။	• ဘုတ်ပြင်းမြို့နှင့် သွား လာရ လွယ်ကူခြင်း။	• ငွေကြေးအရင်း အနှီးမရှိ ခြင်း။	• အသိပညာပေးခြင်း ပညာပေးဟောပြော ပွဲများ ပြုလုပ် ပေးခြင်း။	• ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် ပညာပေးအစီအစဉ်များ ပံ့ပိုးပေးရန်။
၆	**အခြေခံအဆောင်အဦးနှင့်လမ်း၊ တံတားဆောက်လုပ်ရေး**					
	• စာကြည့်တိုက် ရွာတွင်းတံတ ားဆောက် လုပ်ခြင်း။	• အစည်းအဝေးပြု လုပ် ရန် နေရာမရှိခြင်း၊ ရေကြီးကာလ /မိုးကာလတွင် သွား လာ ရန် ခက်ခဲခြင်း။	• သဲပေါများခြင်း၊ မြေနေရာရှိခြင်း။	• မြေယာပိုင်ရှင် ရှိ ခြင်း။	• မြေယာပိုင်ရှင်နှင့် ဆွေးနွေး တိုင်ပင်ခြင်း။	• စာကြည့်တိုက် အဆောက်အဦး၊ ရွာတွင်းတံတား။

<u>အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ</u>

ကျေးရွာ- ကမာချောင်း အုပ်စု- ကမာချောင်း ရက်စွဲ- ၁၆.၇.၂၀၁၇

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ရွာတွင်းကွန်ကရစ်လမ်း
၂	ကျေးရွာရေရှိရေး
၃	ကျေးရွာဆိပ်ခံတံတား
၄	ကျေးရွာခန်းမ အိမ်သာ

<u>အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ</u>

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ဝက်မွေးမြူရေး
၂	ရာသီပေါ်သီးနှံစိုက်ပျိုးရေး
၃	နွားမွေးမြူရေး
၄	ဂျင်းကောက်ခြင်း
၅	ဂဏန်းထောင်ခြင်း
၆	ကြက်မွေးမြူရေး

<u>ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏</u>

<u>အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ</u>

ကျေးရွာ- သဲဖြူ အုပ်စု -ကမာချောင်း ရက်စွဲ- ၃၁.၄.၂၀၂၄

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း
၂	ရွာအနောက်လမ်းကွန်ကရစ်ခင်းခြင်း
၃	မြေထိန်းနံရံတည်ဆောက်ခြင်း
၄	ကျေးရွာခန်းမခြံစည်ရိုးကာရံခြင်း

<u>အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့်ငွေကြေးဦးစားပေးလုပ်ငန်းများ</u>

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	အခြေခံအပ်ချုပ်စက်သင်တန်း
၂	ကွန်ပျူတာအခြေခံသင်တန်း